# "လှိုချင်လျှင် အလျှင်ပေးပါ"

## Beverly's Wonderful Day

ဘ၀၏ ရည်မှန်းချက်သည် ဘုရားသခင်နှင့် အခြားသူများအား ချစ်ခြင်းမေတ္တာသက်ဝင်ရန်ဟု ဆိုပါလျှင် ဘက်ဗာလီသည် ထိုရည်မှန်းကို ထူးချွန်စွာ ရောက်ရှိသူဖြစ်သည်မှာ သေချာပါသည်။ ဘက်ဗာလီဆုံးပါးသွားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း သူမ၏ရှင်သန်ခဲ့ရာ ဘ၀လမ်းကြောင်းမှ အပြုသဘောဆောင်မှုများနှင့် ဦးစားပေးမှုများကို ကျွန်မများစွာ သင်ယူခဲ့ရပါသည်။

ညစာစားချိန်တွင်မှ သူမ ထိုနေ့က ကြုံခဲ့ရသော ဘုရားသခင်က သူမကို ဖြည့်ဆည်းပေးသည် အံ့သြဖွယ်ကိစ္စများအကြောင်းကို ဖုန်းဆက်၍ ပြောပြသည်မှာ ဘက်ဗာလီ၏ ဓလေ့စရိုက်မဟုတ်ပေ။ သို့သော် ဖုန်းခေါ်သံတစ်ချက် မြည်လာမည်။

"ဟယ်လို ဟယ်... ဘက်ဗာလီ နေကောင်းရဲ့လား"

"သိပ်ကောင်း။ ဒီနေ့ကတော့ ငါ့အတွက် အံ့သြဖို့အကောင်းဆုံးနေ့ပဲ သိလား"

"ကဲ ဆိုပါဦး"

"ဒီလိုလေ ငါအလုပ်တစ်ခုအတွက် အင်တာဗျူးဖြေဖို့အသွားမှာ ကားတိုက်မှုဖြစ်ခဲ့တယ်"

"ဟင် အဲဒါက သိပ်အံ့သြစရာမှ မဟုတ်တာ။ ဘာဖြစ်သွားသေးလဲ"

"လည်ပင်းမှာ အထိန်းတပ်ထားပြီး အကိုက်အခဲပျောက်ဆေးသောက်နေရတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ ဒီထက်ပိုပြီး ထိခိုက်ဖို့ကောင်းတာ။ ဒီလောက်ပဲဖြစ်လို့ ဘုရားသခင်ကို ကျေးဇူးတင်မိတယ်လေ"

"ဘက်ဗာလီ ငါတကယ်စိတ်မကောင်းဘူး။ ငါတို့ညစာစားကြရင် ဒန်နဲ့ ကလေးတွေနဲ့အတူ နင့်အတွက်ဆုတောင်းပေးမယ်။ ငါတို့ဘာလုပ်ပေးရဦးမလဲ"

"ဆုတောင်းပေးမယ်ဆိုလို့ ကျေးဇူးပါဘဲ။ သိပ်ကောင်းတယ်။ ငါ့ကားက သုံးမရအောင် ပျက်စီးသွားပေမဲ့ ဘုရားသခင်က ဒီကားတိုက်မှုကို အကျိုးရှိအောင် ဖန်တီးလိုက်တာပဲ ဖြစ်ရမယ်။"

" အိုး မဟုတ်သေးပါဘူးဟယ်။ နင့်ရဲ့ကား အာမခံနဲ့ကာမိပါစေလို့ ငါမျှော်လင့်ပါတယ်။"

"တကယ်တော့ ငါ့အပြစ်ပါဟာ။ ငါ့ကားအာမခံပေါ်လစီထဲက ဒေါ်လာ ၅၀၀အနှုတ်ခံရမယ်လေ။ ဒီအတောအတွင်း အလုပ်အင်တာဗျူးတွေဖြေဖို့ ဘတ်စ်ကားပဲ တိုးစီးရဦးမှာပေါ့လေ။ ကားတိုက်မှုဖြစ်တော့ ဒီနေ့အင်တာဗျူးကို မဖြေလိုက်ရဘူး။ ဒီတော့ အလုပ်ခေါ်တဲ့ ကြော်ငြာတွေရှာရဦးမယ်"

"ငါ့အထင်တော့ နင့်အတွက် အံ့သြဖို့ကောင်းတဲ့နေ့လို့ မထင်မိဘူး"

"ဒီမှာ ငါ့ကားပျက်ကို လာဆွဲတဲ့ ထရပ်ကားဒရိုင်ဘာနဲ့ ဂျီဆက်အကြောင်းကို ပြောဖြစ်ခဲ့တယ်။ သူက လေးလေးနက်နက် နားထောင်ခဲ့တယ်။ ဒီလိုပဲ ဆေးရုံကျတော့ သူနာပြုဆရာမတစ်ယောက်နဲ့လဲ ဂျီးဆက်အကြောင်းကိုပဲ ပြောဖြစ်ခဲ့တယ်။ သူကလည်း သမ္မာကျမ်းစာ သင်တန်းတွေကို စိတ်ဝင်စားတယ်လေ။ စိတ်ဝင်စားဖို့နဲ့ အံ့သြဖို့အကောင်းဆုံးအပိုင်းက နောက်ဆုံးမှ ရောက်လာတယ်။ ငါ့ကားက သုံးမရအောင် ပျက်စီးသွားပြီလို့ပြောတဲ့ စက်ပြင်ဆရာကို ငါသွားတွေ့တော့ စကားပြောရင်းနဲ့ ငါတို့တွေ ဘုရားသခင်နဲ့ ဘုရားသခင်ရဲ့ ကောင်းချီးတွေအကြောင်းကိုပဲ ရောက်သွားကြတယ်။ သူ့မှာလည်း သူ့ပြဿနာနဲ့ သူရှုတ်နေတာပဲ။ ဒါပေမဲ့ ဂျေးဆက်က သူ့အတွက် ပုဂ္ဂိုလ်ရေးအရ စိုးရိမ်တဲ့အပြင် သူ့ကိုကူညီချင်တဲ့အကြောင်းကို သိရတော့ သူသိပ်စိတ်ချမ်းသာသွားတယ်။ ဘုရားသခင်ကို သူ့နှလုံးသားနဲ့ သူ့ဘ၀ထဲကို ကြွရောက်ဖို့ ပင့်ဖိတ်ရင်း ငါနဲ့အတူ ဆုတောင်းတော့ သူ့ခမျာ ဝမ်းနည်းပက်လက်နဲ့ ငိုပါလေရော။ ကဲတွေ့ပြီမဟုတ်လား။ ကားတိုက်မှုကြားထဲကပဲ အကျိုးဆက်တွေဖြစ်လာတာလေ။ ငါဟာ ဘယ်နည်းနဲ့မှ တွေ့ဖို့မဖြစ်နိုင်တဲ့ တကယ့်ပုဂ္ဂိုလ် ၃ယောက်နဲ့ တွေ့ဖြစ်ခဲ့ရတယ်။ ဒီအထဲမှာ တစ်ယောက်က ဂျီးဆက်ကို လက်ခံယုံကြည်သွားပြီလေ။ ကဲ ဒီနေ့ဟာ တကယ့်ကို အံ့သြဖို့ ကောင်းတဲ့နေ့ပဲပေါ့။"

ကျွန်မဘာများ ပြောနိုင်တော့ပါမည်နည်း။ ဘက်ဗာလီသည် ကျွန်မ၏ ကိုယ်ပိုင်ပြဿနာများထဲသို့ သဘောတရားများ အလိုအလျောက် သွတ်သွင်းပေးသွားသည့်အပြင် အခြားသူများ စိတ်ချမ်းသာအောင် ကြိုးစားလုပ်ဆောင်နေခြင်းသည်သာ ပျော်ရွှင်မှုကို အခိုင်အမာရရှိစေသောနည်းလမ်းဖြစ်ကြောင်း သတိပေးသွားခဲ့ပါသည်။

ဘက်ဗာလီ၏ လည်ပင်းသည်လည်း လုံးဝပျောက်ကင်းသွားခဲ့သည်။ သူမသည် ထရပ်ကားဒရိုင်ဘာနှင့်ရော သူနာပြုဆရာမနှင့်ပါ ထပ်မံတွေ့ဆုံကြပြီး သူတို့အားလုံး ဂျေးဆက်ကို ယုံမှတ်အပ်နှံရန် အတူတကွ ဆုတောင်းခဲ့ကြသည်။ ကားတိုက်မှုဖြစ်ပြီး ရက်အနည်းငယ်ကြာသောအခါ သူမ၏ ယုံကြည်မှုနှင့် အပြုသဘော ကူညီဆောင်ရွက်တတ်မှုကို အလွန်လေးစားသော လူကြီးတစ်ဦးနှင့် တွေ့ခဲ့ရပြီး သူမအား သူမ၏ ပျက်စီးသွားသော ကားထက်ပို၍ကောင်းသော တစ်ပတ်ရစ်ကားလေးတစ်စီးကို သူမအားပေးခဲ့လေသည်။

# "ပေးလေ – ရလေ"

## Give to Get

"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (ရှင်ယောဟန်ဩဝါဒစာပဋ္ဌမစောင် ၄း၈) ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ပြောကြားထားသည်။ ထို့ကြောင့် ထိုအဆို၏ ပြောင်းပြန် "ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ဖြစ်တော်မူ၏" ဟူသော အကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့ဟူသော ပညတ်သည် ပဋ္ဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ

ချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။ ထိုပညတ်နှစ်ပါးတို့ကား အချုပ်အခြာပင် ဖြစ်သတည်း" ဟုဂျေးဆက်က ဆိုပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဘဝမျှသာမက အရာရာတိုင်း၏ ပန်းတိုင်ပင် မဟုတ်ပါလော။ (ရှင်မဿဲ ခရစ်ဝင် ၂၂း ၃၆–၄၀)

ယုံကြည်မှုဖြင့် ရပ်တည်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းကို အခြားသူများအား ပြောပြပါ။ သင်ကြိုးစားကြည့်ပါက သင်ကိုယ်တိုင်နှင့်အတူ အခြားသော ချစ်ခြင်းမေတ္တာ ငတ်မွတ်သူများအတွက် ချစ်ခြင်းမေတ္တာ၏ အံ့သြဖွယ်ရာများကို ရရှိခံစားရပါလိမ့်မည်။ သင်က မေတ္တာပေးလျှင် သင့်ထံသို့ မေတ္တာလာပါလိမ့်မည်။ မေတ္တာသည် မုန့်၊ ငါးလုံး၊ ဘူး၌ရှိသော ဆီနှင့် အိုး၌ရှိသော မုန့်ညက် (ရှင်မဿဲခရစ်ဝင် ၁၄း ၁၅ – ၂၁၊ ဓမ္မရာဇဝင် တတိယစောင် ၁၇း ၁၁–၁၆၊ ဓမ္မရာဇဝင်စတုတ္ထစောင် ၄း၂၆) တို့ကဲ့သို့ ကုန်နိုင်သည်မရှိဘဲ တိုးပွားများပြား၍သာ လာတတ်ပါသည်။ ပေးလေ – ရလေဖြစ်သည်။ ထို့ကြောင့် များများပေးပါ။ များများရပါမည်။

(ဂွိုက်စ် ဆတ်တင်)
(By. Joyce Suttin)